မြောက်ဦးမြို့မှ ရခိုင်တိုင်းရင်းသားတို့၏ ဆန္ဒပြပွဲကို လူအသက်ဆုံးရှုံးသည်အထိ အင်အားသုံးဖြိုခွင်းမှုကို စုံစမ်းစစ်ဆေးပေးရန် မြန်မာအစိုးရသို့ တောင်းဆိုပန်ကြားချင်း

ရန်ကုန်၊ ဇန်နဝါရီ ၂၂ ရက် ၂၀၁၈ ခုနှစ်

ပြီးခဲ့သည့် ရက်သတ္တပတ်က ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသားများ၏ ဆန္ဒပြပွဲတစ်ခုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က လူသေဆုံးသည့်အထိ အင်အားသုံး ဖြိုခွင်းခဲ့မှုကို တရားမျှတ မှန်ကန်စွာ စုံစမ်းစစ်ဆေးပြီး၊ ထိုအဖြစ်အပျက်တွင် တာဝန်ရှိသူများကို အရေးယူပေးရန် မြန်မာအုပ်ချုပ်ရေး အာဏာပိုင်တို့ကို တောင်းဆိုပါသည်။ လက်နက်မဲ့ ဆန္ဒပြသူတို့ကို ရဲတပ်ဖွဲ့က သေနတ်နှင့် ပစ်၊ ရိုက်နှက်၍ ဖြိုခွင်းမှုကြောင့် ဇန်နဝါရီလ ၁၆ ရက်နေ့က မြောက်ဦးမြို့တွင် ဆန္ဒပြသူ ၇ ဦး သေဆုံးခဲ့ပြီး ဒါဇင်နှင့်ချီ ဒဏ်ရာရရှိခဲ့သည်။

ထို ပစ်ခတ်မှုကို တွေ့မြင်ခဲ့ရသည့် မျက်မြင်သက်သေနှင့် သေကံမရောက်ခဲ့သူ ၄ ဦးတို့နှင့် Fortify Rights အဖွဲ့ စကားပြောဆိုခဲ့ပါသည်။ ဤ ၄ ဦးအနက် ၃ ဦးမှာ အဖြစ်အပျက်အတွင်း ဒဏ်ရာများရရှိခဲ့သည်။

"အစိုးရအနေနဲ့ ဒီ သတ်ဖြတ်မှုတွေကို သေချာလေ့လာစုံစမ်းပြီး တာဝန်ရှိတဲ့ ရဲအရာအရှိတွေကို အချိန်မဆိုင်းဘဲ တရားစွဲအရေးယူသင့်တယ်" ဟု Fortify Rights အဖွဲ့၏ ဦးစီးအမှုဆောင်အရာအရှိ Matthew Smith က ပြောသည်။ "ထိခိုက်သေဆုံးခဲ့သူတွေ၊ အသက်ရှင်သူတွေနဲ့ သူတို့မိသားစုတွေ၊ နောက်ပြီး ရခိုင်ပြည်နယ်အတွက် တရားမျှတမှု မြန်ဆန်စွာ ရရှိသင့်ပါတယ်။ အပြစ်ရှိသူတွေကို အရေးမယူခဲ့ရင် တိုင်းရင်းသားတွေအကြား တင်းမာမှုတွေ ပိုမိုဖြစ်ပေါ်လာစေနိုင်ပါတယ်။"

ဇန်နဝါရီလ ၁၆ ရက်နေ့က ထောင်နှင့်ချီသော ရခိုင်တိုင်းရင်းသားတို့သည် ၁၇၈၄ ခုနှစ်က ရခိုင်နိုင်ငံတော် မြန်မာတပ်တို့၏ လက်အောက်ကျရှုံးခဲ့သည့်နေ့ နှစ်ပတ်လည်အမှတ်ရအောက်မေ့ပွဲကို အစိုးရက တားမြစ်ပိတ်ပင်ခဲ့သည့်အတွက် မြောက်ဦးခရိုင်အုပ်ချုပ်ရေးရုံးတွင် စုဝေးဆန္ဒပြခဲ့ကြသည်။ ထိုလူအုပ်စုထဲကို ရဲတပ်ဖွဲ့မှ သေနတ်နှင့် ပစ်ခတ်ခဲ့သည့်အတွက် ဆန္ဒပြသူများ ခေါင်း၊ ရင်ဘတ် နှင့် အခြား အသက်အန္တရာယ်ဖြစ်စေနိုင်သည့် နေရာများတွင် ကျည်ဆန်ထိမှန်ခံခဲ့ရသည့်။

အသက် ၂၇ နှစ်အရွယ် ခိုင်ထွေးဆိုသူက သူထွက်ပြေးနေစဉ် ရဲက သူ့ နောက်ကျောကို သေနတ်နှင့်ပစ်ခဲ့သည့် အကြောင်း ပြောပြခဲ့သည်။

> ကျွန်တော်တို့ ခရိုင်အုပ်ချုပ်ရေးရုံး ဧရိယာထဲကိုရောက်ပြီးတဲ့နောက် ရဲက လေထဲကို သေနတ် သုံးချက်ပစ်လိုက်ပြီး တချို့ဆန္ဒပြသူတွေ ထွက်ပြေးသွားကြတယ်။ တချိန်ထဲမှာပဲ ရဲ ၄-၅ ယောက်လောက်က ကျွန်တော်တို့ကို အဝေးကနေ လှမ်းပစ်တာပဲ။ ကျွန်တော် ကျောမှာ သေနတ်မှန်ပြီး လဲကျသွားတယ်၊ သူငယ်ချင်းတွေက ကျွန်တော် ထွက်ပြေးနိုင်အောင် လာကူညီခဲ့ပါတယ်။ လူ ၂ ယောက် နေရာမှာတင် ပွဲချင်းပြီးသေတာ တွေ့ခဲ့ရပါတယ်။

နောက်ထပ် ဆန္ဒပြသူတစ်ဦးဖြစ်တဲ့ အသက် ၁၉ နှစ်အရွယ် ကျော်ထွန်း  ဒူးခေါင်းတွင် သေနတ်မှန်ခဲ့သည်။ သူက Fortify Rights ကို ယခုလို ပြောပြခဲ့သည်။

> "လူ ၂ ယောက် သေနတ်မှန်ပြီး ပွဲချင်းပြီးသေတာကို တွေ့ခဲ့ရတယ်။ အဲဒီမှာနောက်ထပ် လူ ၅ ယောက်လောက်ကျန်ခဲ့သေးတယ်၊ ဒါပေမယ့် သူတို့က အသက်ရှင်ရက်ပဲ။ တစ်ယောက်က

ခေါင်းမှာ သေနတ်ထိထားတယ်၊ နောက်တစ်ယောက်က ကိုယ်မှာ၊ ကျန်တဲ့လူတွေကတော့ ခန္ဓာကိုယ် အောက်ပိုင်းတွေမှာပဲ ထိတယ်၊ သူတို့က အသက်ရှင်ပါတယ်။ ရဲက အလောင်း တွေကို အဲဒီညက ဆေးရုံပို့လိုက်ပြီး ကျန်တဲ့သူတွေကိုတော့ နောက်နေ့မနက် ပို့ ပါတယ်။"

ဆန္ဒပြရာတွင် ရှေ့တန်းမှ ပါဝင်ခဲ့သည့် ၃၁ နှစ်အရွယ် အောင်ကျော်သည် ဘယ်ဖက် ခြေထောက်တွင် သေနတ် ၄ ချက် ထိမှန်ခဲ့သည်။ သူက Fortify Rights ကို အောက်ပါအတိုင်းပြောပြခဲ့သည်။

"သေနတ်သံကတော့ ရိုင်ဖယ်လိုလို စက်သေနတ်လိုလိုပဲ။ ကျွန်တော်တို့ကို ရဲ ဘယ်နှစ်ယောက်လောက်က ပစ်တာလဲဆိုတာကိုတော့ မသိဘူး၊ အသံကြားရတာတော့ ပစ်တဲ့သူ ၃-၄ ယောက် ထပ် ပိုများတယ်နဲ့ တူပါတယ်။ ရဲက ကျွန်တော်တို့ကို မပစ်ခင် သတိပေးတာ တွေလဲမတွေ့ ကြားလဲမကြားခဲ့ပါဘူး။ သူတို့က လေထဲကို ထောင်ပစ်ပြီးတာနဲ့ ကျွန်တော်တို့ကို ဆက်ပစ်တာပါ။ သေနတ်မှန်ပြီးတဲ့နောက် ကျွန်တော် နောက်ကို လှည့်တောင်မကြည့်ဘဲ ထွက်ပြေးခဲ့ပါတယ်။"

ပွဲဖြစ်မြောက်ရေး စီစဉ်သူ အောင်စိုးကလဲ ယခုလို ပြောပြခဲ့သည်။

ရဲက သေနတ်ကို လေထဲထောင်ဖောက်ပြီး တစ်မိနစ်တောင်မကြာဘူး လူအုပ်ထဲကို ပစ်တော့တာပါပဲ။ သူတို့ ရာဘာကျည်လုံးဝ မသုံးခဲ့ပါဘူး။ လေထဲကို ပစ်တယ်၊ နောက်ပြီး လူတွေကို စပစ်တော့တာပဲ။ မပစ်ခင်သတိပေးတာလဲ မရှိခဲ့ပါဘူး။ ရဲက လော်စပီကာသုံးပြီး သတိပေးတာလဲ မရှိဘူး၊ သေနတ်နဲ့ပဲ စပစ်တာပဲ၊ လူအုပ်ထဲကိုပစ်တာ တစ်ချက်ချင်းလဲ မဟုတ်ဘဲ ဆက်တိုက်စွဲပစ်တာပါ။

ရဲက လက်နက်မဲ့ ဆန္ဒပြသူတို့ကို ရိုက်နက်ခဲ့သည်ဟုလဲ သေကံမရောက်သူတို့က ပြောပြကြသည်။ အောင်စိုးက "ရဲတစ်ချို့က လူတွေကို ဆွဲပြီး သေနတ်ဒင်တွေနဲ့ ထုကြတယ်၊ တချို့က မြေကြီးပေါ်မှာလဲနေတဲ့ ဆန္ဒပြသူတွေကို ကန်ကျောက်ပြီး ရင်ဘတ်တွေကျောတွေကို ခြေထောက်နဲ့ နင်းထားကြတယ်။"

သေဆုံးခဲ့သူတို့၏ ရုပ်အလောင်းများကို ဆေးရုံတွင် တွေ့မြင်ခဲ့ရသည်ဟု အောင်စိုးက Fortify Rights ကို ပြောပြခဲ့သည်။ ထိုရုပ်အလောင်းများတွင် သေနတ်ဒဏ်ရာများတင် မဟုတ်ဘဲ မျက်နှာနှင့် ခန္ဓာကိုယ်တွင် ထုရိုက်ခံထားရသည်ဟု ယူဆရသည့် ဒဏ်ရာများကို တွေ့ခဲ့ရသည်ဟူ၍လဲ ပြောခဲ့သည်။

"ရိုက်တဲ့အထဲမှာ ရဲ ၁၀ ယောက် ၁၅ ယောက် လောက်ပါတယ်၊" ဟု အောင်စိုးက ပြောသည်။ "တချို့ရဲတွေက ဆန္ဒပြသူတွေကို သေနတ်ဒင်တွေနဲ့ထုကြတယ်၊ ဆန္ဒပြသူတစ်ချို့က ကိုယ့်ကိုယ်ကို ခုခံကာကွယ်ကြပေမယ့် ရဲကို တိုက်ခိုက်တာမျိုးတော့ မဟုတ်ပါဘူး။"

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဤအဖြစ်အပျက်ကို စုံစမ်းစစ်ဆေးပြီး ဥပဒေချိုးဖေါက်သူများကို အရေးယူသွားမည်ဟု ဆိုသည်။

"ဒီ စုံစမ်းစစ်ဆေးရေးဟာ ဖုံးဖုံးဖိဖိနဲ့ ပြီးသွားတဲ့ စုံစမ်းစစ်ဆေးရေးမျိုး ထပ်မဖြစ်အောင် အစိုးရအနေနဲ့ သေချာကိုင်တွယ်ဖို့ အရေးကြီးပါတယ်" ဟု Matthew Smith က ပြောခဲ့သည်။ "ယူနီဖောင်းဝတ်တဲ့သူဖြစ်စေ မဝတ်တဲ့သူဖြစ်စေ တရားဥပဒေ အထက်မှာ ဘယ်သူမှမရှိဘူးဆိုတာကို အစိုးရအနေနဲ့ ပြဖို့လိုအပ်ပါတယ်၊"

ဇန်နဝါရီလ ၁၆ ရက်နေ့က ရခိုင်နိုင်ငံတော် ကျဆုံးမှု ၂၃၃ နှစ်ပြည့် အမှတ်ရအခမ်းအနားကျင်းပစဉ် ဒေသခံအာဏာပိုင်တို့က မီးဖြတ်ခဲ့သည့်အတွက် အခမ်းအနားရပ်ဆိုင်းခဲ့ရပြီးနောက် ရာနှင့်ချီသော ရခိုင်တိုင်းရင်းသား ဆန္ဒပြသူများသည် ရခိုင်ဘုရင် နန်းတော်ဟောင်း တည်ရှိရာဖြစ်သည့် နန်းတော်ရာကုန်းမှ မြောက်ဦးခရိုင်အုပ်ချုပ်ရေးရုံးသို့ ချီတက်ခဲ့ကြသည်။ ထိုမှ နာရီအနည်းငယ်အတွင်း ဆန္ဒပြသူ အရေအတွက် ထောင်နှင့်ချီဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆန္ဒပြသူတို့သည် ရဲတပ်ဖွဲ့ဝင်များကို ကျောက်ခဲနှင့် အုပ်ခဲကျိုးများနှင့် ပစ်ပေါက်၍ ရုံးအတွင်းရှိ အစိုးရပိုင် ပစ္စည်းနှင့် ရဲတပ်ဖွဲ့အသုံးပြုသည့် ယာဉ်များကို ဖျက်ဆီးပြီး ရဲဝန်ထမ်း ၂ ဦးထံမှ သေနတ်များကို လုယူရန်ကြိုးပမ်းခဲ့သည်ဟု ထွက်ဆိုထားသည်ဟု သတင်းပေးပို့ချက်များအရ သိရသည်။ ထို့အပြင် လူအုပ်ထဲသို့ သေနတ်ကျည်အစစ်ဖြင့် ၁၀ ချက် မပစ်ခတ်မီ နံပါတ်တုတ်နှင့် ဒိုင်းများကို အသုံးပြု၍လည်းကောင်း၊ ရာဘာကျည် နှင့် ပစ်ခတ်ခြင်း၊ သတိပေး ပစ်ခတ်ခြင်းတို့ဖြင့်လည်းကောင်း လူစုခွဲရန် ကြိုးပမ်းခဲ့သည်ဟု ဆိုသည်။

ရဲတပ်ဖွဲ့၏ ဖြိုခွင်းမှုအတွင်း သေဆုံးသူနှင့် ဒဏ်ရာရများကို မြောက်ဦးဆေးရုံတွင် ထားရှိသည်ဟုသိရသည်။ ဇန်နဝါရီလ ၁၆ ရက်နေ့က ထိုဖြစ်စဉ်ပြီးနောက် ရဲတပ်ဖွဲ့က သေဆုံးနှင့် ဒဏ်ရာရသူတို့၏ မိသားစုဝင်များကိုသာ ဆေးရုံသို့ ဆက်သွယ်လာရောက်ခွင့်ပြုထားသည်။

ဖြစ်ရပ်အတွင်း ရဲတပ်ဖွဲ့ဝင် ၂၀ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အစိုးရက ထုတ်ပြန်ထားသည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေအရ ရဲတပ်ဖွဲ့အနေဖြင့် မိမိတို့နှင့် အခြားသူများ တို့၏ အသက်အန္တရာယ် သို့မဟုတ် အပြင်းအထန်ထိခိုက်ဒဏ်ရာရခြင်းတို့မှ ကာကွယ်ရန် မဖြစ်မနေလိုအပ်မှသာ လူသေစေနိုင်လောက်သည့် အင်အားကို အသုံးပြုရန် ခွင့်ပြုထားသည်။ ဥပဒေစိုးမိုးရေးအရာအရှိတို့ လိုက်နာရန် ထုတ်ပြန်ထားသည့် ကမ္ဘာ့ကုလသမဂ္ဂ၏ The United Nations Code of Conduct for Law Enforcement Officials နှင့် the U.N Basic Principles on the Use of Force and Firearms by Law Enforcement Officials တို့တွင် အစိုးရ လုံခြုံရေးအရာအရှိတို့ကို မိမိတို့ရင်ဆိုင်ရသည့် အန္တရာယ်နှင့် အချိုးကျဖြစ်သည့် အင်အားကိုသာ သုံးခွင့်ပြုထားပြီး၊ ယင်းကို နောက်ဆုံး နည်းလမ်းအဖြစ်သာ အသုံးပြုရမည်ဟု ပြဌာန်းထားသည်။

ရခိုင်ပြည်နယ်အတွင်း ဗုဒ္ဓဘာသာဝင် ရခိုင်လူမျိုးတို့အပေါ် လူ့အခွင့်အရေးဆက်လက်ချိုးဖေါက်မှုများထက် ရိုဟင်ဂျာမူစလင် အစုလိုက်အပြုံလိုက်တို့အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအပေါ်သာ အဓိက အာရုံစူးစိုက်မှုရှိကြသည်။ မြန်မာစစ်တပ်သည် ရခိုင်တိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသည့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့ Arakan Army အဖွဲ့နှင့် တိုက်ခိုက်မှုများ ဖြစ်ပွားစဉ်က ရခိုင်တိုင်းရင်းသား အရပ်သားများကို  ပေါ်တာဆွဲသည့်အကြောင်း Fortify Rights အဖွဲ့မှ ၂၀၁၆ ခုနှစ်တွင် မှတ်တမ်းတင်ထားမှုများရှိခဲ့သည်။ ရခိုင် လူ့အခွင့်အရေးလှုပ်ရှားသူ ခိုင်မျိုးထွန်းသည် ရခိုင်ပြည်နယ်တွင်းရှိ အရပ်သားများကို မြန်မာစစ်တပ်မှ အဓမ္မလုပ်အားပေးခိုင်းစေခြင်းနှင့် အခြားလူ့အခွင့်အရေးချိုးဖေါက်မှုများ ၂၀၁၆ ခုနှစ် အစောပိုင်းတွင် ကျူးလွန်ခဲ့သည်ဟူသော ထုတ်ပြန်ကြေငြာချက်တစ်စောင်ကို ယင်းနှစ် ဧပြီလတွင် ထုတ်ပြန်ခဲ့သည့်အတွက်ကြောင့် အောက်တိုဘာ ၂၀၁၇ ခုနှစ်က မြန်မာအာဏာပိုင်တို့က ထောင်ဒဏ် ၁၈ လ ချမှတ်ခြင်းခံခဲ့ရသည်။ ရခိုင်တိုင်းရင်းသား လယ်သမားတို့သည် ၎င်းတို့၏

လယ်ယာမြေကို ဥပဒေမဲ့ သိမ်းယူမှုများနှင့် နှစ်ပေါင်းများစွာ ရင်ဆိုင်ကြုံတွေ့နေရကြောင်းလဲ သတင်းထုတ်ပြန်မှုများရှိခဲ့သည်။

"ရခိုင်ပြည်နယ်ဟာ ပဋိပက္ခနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုဒဏ်ကို အချိန်အရမ်းကြာအောင်ခံစားလာခဲ့ရပါတယ်" ဟု Matthew Smith က ပြောခဲ့သည်။ "ရခိုင်ပြည်နယ်နဲ့ တိုင်းပြည် တခြားဒေသတွေမှာ ငြိမ်းချမ်းရေးက သေနတ်ပြောင်းဝကနေထွက်မှာ မဟုတ်ပါဘူး။ ဒီအခြေအနေ အပေါ် အစိုးရရဲ့တုန့်ပြန်မှုက ရခိုင်ပြည်နယ်မှာ ဆက်လက်ကြုံတွေ့လာရမယ့် အဖြစ်အပျက်တွေအပေါ် သက်ရောက်မှု ရှိမှာဖြစ်ပြီး တော်တော်စိုးရိမ်စရာကောင်းတဲ့ အနေအထားဖြစ်ပါတယ်။"